ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
(ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲ)

စာအမှတ်၊ SSE/NM/၀၄/ ၂၀၂၂

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက် ထုတ်ပြန်ခြင်းကိစ္စ။**

ရည်ညွှန်းချက် ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ (၂၁.၁.၂၀၂၂) ရက်စွဲပါ စာအမှတ်၊ ပဆ-(၂)/လက(DCA)/Spaceflight (၁/၁၉၂)

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဘေကျင်း လေယာဉ်မှူးသတိပေးလွှာထုတ်ပြန်ရေးရုံးမှ ၁၃.၁.၂၀၂၂ ရက်နေ့တွင် Aerospace Flight လှုပ်ရှားမှုကိစ္စနှင့်ပတ်သက်၍ သတိပေးချက် (ကြေးနန်းစာ) ကို လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသို့ ပေးပို့အကြောင်းကြားလာသောစာအရ အာကာသယာဉ်၏ လှုပ်ရှားမှု (Aerospace Flight Activities) သည် (၂၆.၁.၂၀၂၂) ရက်နေ့မှ (၃၀.၁.၂၀၂၂) ရက်နေ့အတွင်း တွင်လည်းကောင်း၊ (၂၆.၂.၂၀၂၂) ရက်နေ့မှ (၂.၃.၂၀၂၂)ရက်နေ့ အတွင်းတွင်လည်းကောင်း နေ့စဉ်နံနက် (၀၅:၃၀) နာရီအချိန်မှ (၀၉:၃၀)နာရီအချိန်အတွင်း ဖြစ်နိုင်ခြေရှိကြောင်း၊ မြေပြင်မှ အမြင့်ပေ အကန့်အသတ်မရှိ သက်ရောက်နိုင်ကြောင်း၊ သက်ရောက်နိုင်မည့်ဧရိယာကို အောက်ဖော်ပြပါအတိုင်း သတိပေးအကြောင်းကြားလာပါသည်-

| Point | Latitude | Longitude |
|---|---|---|
| A | 17° 02′ 31″ N | 093° 42 ′ 07″ E |
| B | 17° 09′ 36″ N | 093° 09 ′ 07″ E |
| C | 18° 21′ 04″ N | 093° 25 ′ 44″ E |
| D | 18° 13′ 52″ N | 093° 58 ′ 59″ E |

၂။ အဆိုပါ သက်ရောက်မည့်ဧရိယာမှာ သံတွဲလေဆိပ်၏အနောက်တောင်ဘက် ရေမိုင်(၂၂) မိုင်ခန့်၊ မာန်အောင်လေဆိပ်၏ အနောက်တောင်ဘက် ရေမိုင် (၃၁) မိုင်ခန့်နှင့် ပုသိမ်လေဆိပ်၏ အနောက်ဘက် ရေမိုင် (၆၃) မိုင်ခန့်အကွာ ဘင်္ဂလားပင်လယ်အော်အတွင်းတွင် ကျရောက်နေ ကြောင်း စိစစ်တွေ့ရှိရပါသည်။ ကျရောက်နိုင်မည့် ဧရိယာမြေပုံအား **နောက်ဆက်တွဲ (က)** ဖြင့် ဖော်ပြအပ်ပါသည်။

၃။ သို့ဖြစ်ပါ၍ (၂၆.၁.၂၀၂၂) ရက်နေ့မှ (၃၀.၁.၂၀၂၂) ရက်နေ့အတွင်းတွင်လည်းကောင်း၊ (၂၆.၂.၂၀၂၂)ရက်နေ့မှ (၂.၃.၂၀၂၂)ရက်နေ့အတွင်းတွင်လည်းကောင်း နေ့စဉ်နံနက် (၀၅:၃၀)

နာရီအချိန်မှ (၁၉:၃၀) နာရီအချိန်အတွင်း အထက်ဖော်ပြပါ တည်နေရာများအတွင်း၌ Aerospace Flight Activities အစိတ်အပိုင်းများ ကျရောက်နိုင်ပါသဖြင့် ရေယာဉ်ကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ကမ်းရိုးတန်းသွားရေယာဉ်များ၊ ငါးဖမ်းသင်္ဘောများ၊ အပျော်စီး ခရီးသွားလှေများနှင့်စက်တပ်သမ္ဗန်များ ၎င်းဧရိယာအတွင်း ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရေးအတွက် ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထုတ်ပြန်ကြေညာအပ်ပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
မိုးကျော်-ညွှန်ကြားရေးမှူး(SSE)

## 2300 UTC – 0300 UTC (Next Day) (from 25 Jan to 29 Jan 2022 and from 25 Feb to 1 Mar 2022)

